# ပြည်သူ့ကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေ

(၁၉၇၇ ခုနှစ်။ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၅)

မြို့နယ်ပြည်သူ့ကောင်စီ၏ ပုံမှန်အစည်းအဝေးကို ရှိရင်းစွဲဥပဒေအရ တနှစ်လျှင် ၄ ကြိမ် မပျက်မကွက် ခေါ်ယူကျင်း ပရမည်ဟု ပြဋ္ဌာန်းထားရာ လုပ်ငန်းများ လက်တွေ့ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်ခဲများကို ကျော်လွှားနိုင်ရန် နှင့်လုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက် နိုင်ရန်အလို့ငှာ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကောင်စီဥပဒေပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်ရမည် -

၈၉။ မြို့နယ် ပြည်သူ့ကောင်စီ၏ ပုံမှန်အစည်းအဝေးကို တနှစ်လျှင် အနည်းဆုံး ၂ ကြိမ် မပျက်မကွက် ခေါ်ယူ ကျင်းပရမည်၊ ပုံမှန်အစည်းအဝေး တကြိမ်နှင့် တကြိမ်အကြား အရှည်ကြာဆုံး ကာလသည် ၈ လထက်မ ပိုစေရ။

-----------------------------------